Market Commentary

# Myanmar Thilawa SEZ Holdings

**KBZSC Securities Trading** Feb 5, 2020

## MTSH ၏ ပိုမိုတောက်ပသည့်နေ့ရက်များရောက်ရှိလာတော့မည်လား?

### Are Brighter Days Ahead for MTSH?

၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် MTSH ရှယ်ယာဈေးနှုန်းသည် ကျပ် ၃,၆၀၀ မှ ပြန်လည်မြင့်တက်ခဲ့ပြီးနောက် ကျပ် ၃,၈၅၀ တွင် ပုံမှန်ဝယ်လိုအားရှိနေသည်ကို တွေ့ရသည်။ လက်ရှိရှယ်ယာဈေးနှုန်းဖြင့် အရောင်းအဝယ်အရေအတွက် ပုံမှန်ဖြစ်ပေါ်ပါက MTSH ရှယ်ယာ ဈေးနှုန်းသည် အရောင်းဇရိယာဖြစ်သည့် ကျပ် ၄,၅၀၀ သို့ ဆက်လက်ချဉ်းကပ်သွားနိုင်ခြေရှိပါသည်။ ထူးခြားမှုတစ်ရပ်အနေဖြင့် အဆိုပါ အရောင်းဇရိယာဈေးနှုန်းသည် ပြီးခဲ့သည့်နှစ် MTSH ရှယ်ယာ၏ အမြင့်ဆုံးတက်ရောက်ခဲ့သည့်ဈေးနှုန်းလည်းဖြစ်သည်။

After rebounding from Ks 3,600 in Oct 2019, the price of MTSH seems to be supported at around Ks 3,850. Should the current prices hold with favorable volume, the price could trend towards the recent area of resistance of Ks 4,500, which interestingly was also the recent high traded last year.

Looking at the long term price movement, MTSH went through a lengthy period of price consolidation, roughly from November 2017 to

### MTSH Closing Prices (May 2016 – Present)




*Source: Yangon Stock Exchange*

ကာလရှည်ဈေးနှုန်းလှုပ်ရှားမှုများကို လေ့လာပါက MTSH ရှယ်ယာသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ် ဧပြီလအထိ ဈေးနှုန်းလှုပ်ရှားမှုများနည်းပါးခဲ့ပြီး စာရင်းဝင်ကုမ္ပဏီ ဖြစ်သည့် သက်တမ်းတလျှောက် အနိမ့်ဆုံး ရှယ်ယာဈေးနှုန်းဖြစ်သည့် ကျပ် ၂,၇၀၀ - ၂,၈၀၀ ဝန်းကျင်သို့ ရောက်ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် မေလနောက်ပိုင်း ရှယ်ယာဈေးနှုန်းများ တဟုန်ထိုးမြင့်တက်ခဲ့သည်ကိုတွေ့မြင်ရပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် (၂) နှစ်အတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်သည့် ကျပ် ၄,၅၀၀ သို့ရောက်ရှိခဲ့သည်။ အဆိုပါကာလနောက်ပိုင်း MTSH ရှယ်ယာဈေးနှုန်းများသည် ၁၆% ခန့် ကျဆင်းခဲ့သော်လည်း ကျပ် ၃,၈၅၀ ဝန်းကျင်တွင် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့သည်ကို တွေ့ရသည်။ လက်ရှိရှယ်ယာဈေးနှုန်းဖြစ်သည့် ကျပ် ၄,၁၀၀ တွင် ရှယ်ယာ၏ အမြတ်ဝေစုအချိုးမှာ ၆% ခန့်ရှိပြီး ရင်းနှီးငွေတိုးပွားနိုင်သည့် အခွင့်အလမ်းလည်းတွေ့မြင်ရသည်။ ရှယ်ယာဈေးနှုန်းများသည် ကျပ် ၄,၅၀၀ နှင့် အထက်ကို ဆက်လက်ရွေ့လျားသွားမလားဆိုသည်ကို စိတ်ဝင်စားစွာစောင့်ကြည့်ရမည်ဖြစ်သည်။

KBZSC မှ ကြီးမှူးကျင်းပခဲ့သော “Investing For All” အခမ်းအနားတွင် MTSH ၏ CEO ဖြစ်သည့် ဦးကျော်ဇော်ဝေမှ တင်ပြချက်များအရ MTSH ၏ ရေရှည်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များမှာ အလားအလာကောင်းမွန်လျက်ရှိပါသည်။ ထို့ကြောင့် MTSH ရှယ်ယာသည် ရင်းနှီးမြှုပ်နှံသူများ ရင်းနှီးငွေတိုးပွားရန်စောင့်ဆိုင်းနေစဉ်တွင် အမြတ်ဝေစုများ ပုံမှန်ပေးအပ် နိုင်သည့် ရှယ်ယာတစ်ခု ဖြစ်ပါသည်။

April 2019 where it hit an all-time low of Ks 2,700 - 2,800. We have seen the first breakout of prices beginning May 2019, before reaching a two year high of Ks 4,500 in September 2019. Since then, prices have dropped about 16% but has held well at Ks 3,850 region. At the current price of Ks 4,100, the yield is at about 6% with a possibility of capital gains. It will be interesting to see if prices will continue to move towards Ks 4,500 and beyond.

Based on the presentation which U Kyaw Zaw Wai, CEO of MTSH, gave during our “Investing For All” Seminar, MTSH masterplan looks very promising in the long term. Thus, MTSH could be a gem worth looking at as it pays you while you wait.

## KBZSC Securities Trading Department Contact Details

| | | | |
|---|---|---|---|
| License No. | : 001 | Website | : www.kbzsc.com |
| Telephone | : 01 230 7305 – 08 | Facebook | : www.facebook.com/KBZSC |
| Email | : trading@kbzsc.com | Office Hours | : 9:00 AM – 4:30 PM (Monday – Friday) |

*Disclaimer:*

*The ideas expressed here should not be construed as an enticement to buy or sell the securities mentioned. The accuracy or completeness of the information provided cannot be guaranteed. All customers should carry out independent verification of information provided. No warranty whatsoever is given and no liability whatsoever is accepted for any loss howsoever arising whether directly or indirectly as a result of actions taken based on ideas and information found in this presentation.*